# <u>သဘောထားထုတ်ပြန်ချက်</u>

စာအမှတ်( ၀ ၁ /၂၀၂၂)

ရက်စွဲ။ ။၂၀၂၂ခုနှစ်၊ ဇန်နဝါရီလ၊ (၁၇)ရက်

၁။ ဖရူဆိုမြို့နယ်၊ ဟိုယာကျေးရွာအုပ်စု၊ ရီခီးဘူးကျေးရွာတွင် တိုက်ပွဲဖြစ်ပွားမှုမရှိပဲ အကြမ်းဖက်စစ်ကောင်စီတပ်ဖွဲ့က တိုက်လေယာဉ်ဖြင့် ယနေ့ ဇန်နဝါရီလ (၁၇)ရက် နံနက်(၁)နာရီ(၄၀)မိနစ် အချိန် တွင် (၄)ကြိမ်တိုင်တိုင် ဗုံးကြဲပစ်ခတ်ခဲ့ပါသည်။

၂။ ရီခီးဘူးကျေးရွာတွင် လာရောက်စစ်ဘေးရှောင်သူ အများအပြားရှိခဲ့ပြီး ဗုံးကြဲပစ်ခတ်မှုကြောင့် စစ်ဘေးရှောင် အမျိုးသမီးကလေးသူငယ်အသက်(၈)နှစ်၊ အမျိုးသမီးအသက်(၁၈)နှစ်၊ အမျိုးသားအသက်(၇၅)နှစ် စုစုပေါင်း အပြစ်မဲ့ပြည်သူ (၃)ဦး သေဆုံးသွားခဲ့ပါသည်။ ထိုဗုံးကြဲပစ်ခတ်မှုကြောင့် သေဆုံးသွားခဲ့သော အပြစ်မဲ့ပြည်သူ(၃)ဦးသည် ပြည်သူ့ကာကွယ်ရေးတပ်–ဒီးမော့ဆို(DMO–PDF)တပ်ဖွဲ့ အနေဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

၃။ အကြမ်းဖက်စစ်ကောင်စီတပ်သည် အပြစ်မဲ့ပြည်သူလူထုကို အကြောင်းမဲ့ ဖမ်းဆီးသတ်ဖြတ်ခြင်း၊ စစ်ဘေးရှောင်ပြည်သူလူထုအပေါ် ဗုံးကြဲပစ်ခတ်ခြင်း၊ ရပ်ကွက်ကျေးရွာနေပြည်သူလူထုအပေါ် ရည်ရွယ်ချက်ရှိရှိ လက်နက်ကြီး ပစ်ခတ်ခြင်းများ တစ်နေ့တစ်ခြားပြုလုပ်လာနေသည်ကို တွေ့ရှိရပါသည်။

၄။ အကြမ်းဖက်စစ်ကောင်စီတပ်ဖွဲ့၏ လုပ်ရပ်သည် မိမိတို့ပြည်သူ့ကာကွယ်ရေးတပ်–ဒီးမော့ဆို (DMO–PDF)တပ်ဖွဲ့မှ အပြင်းအထန်ကန့်ကွက်ရှုတ်ချသည်။ အကြမ်းဖက်စစ်ကောင်စီတပ်ဖွဲ့၏ အကြမ်းဖက်လုပ်ရပ်အား ရပ်တန့်စေရန်အတွက် နိုင်ငံတကာမှ အမြန်ဆုံးအရေးယူဆောင်ရွက်ပေးပါရန် မိမိတို့ပြည်သူ့ကာကွယ်ရေးတပ်–ဒီးမော့ဆို(DMO–PDF) တပ်ဖွဲ့မှ ထုတ်ပြန်လိုက်ပါသည်။

ပြန်ကြားရေးတာဝန်ခံ(ဗဟို)
ပြည်သူ့ကာကွယ်ရေးတပ်–ဒီးမော့ဆို
အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်

ဖုန်း–၀၉၂၆၄ ၃၀၇ ၂၂၁၊ ၀၉၄၂၇ ၂၂၃ ၆၀၈